# Highlights from DVB Debate's Role of Media Show

## September 9, 2017

## What's the role of real news?

"ထုတ်ဝေသူတွေ အများကြီး တိုးတက်ပါတယ်။ ၂၀၁၃ မှာ ထုတ်ဝေသူ ၁၃ ယောက် လောက်ကနေ အခုဆို ၄၀ ကျော်။ ဂျာနယ် ၂၀၀ မှာ အခု ၅၀၀ ရှိလာတယ်။ အထွေထွေထုတ်ဝေမှုမှာလည်း ၂၀၀ လောက်နေ ၅၀၀ လောက်ထိ ရှိလာ တယ်ပေ့ါ။ ထုတ်ဝေသူတွေကတော့ Quantity အရတော့ အများကြီးတိုးလာတယ် "

ဦးတင့်ဆွေ - အမြဲတမ်းအတွင်းဝန်ဟောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန

---

"မီဒီယာတွေနဲ့ ဆက်ဆံရေးပျက်တယ်ဆိုတာ သိပ်မသေချာဘူး။ ပါတီက တစုံတယောက် အစိတ်အပိုင်း တခုခုကနေ ပြောတာဆိုတာကြောင့်. ပါတီအနေနဲ့ မီဒီယာနဲ့ ဆက်ဆံရေးပျက်တယ်လို့တော့ မပြောချင်ဘူး။ အစိုးရသစ်လက်ထက်မှာ မီဒီယာတွေနဲ့ ဆက်ဆံရေးပျက်တယ်ဆိုတာ မသေချာဘူး ကျနော်ကတော့ ငြင်းတယ်"

မုံရွာအောင်ရှင် - အတွင်းရေးမှူး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုပြန်ကြားရေး ကော်မတီ

---

"ထပ်ပေါ် သင့်တဲ့ ဥပဒေတွေ legal reform အရတော့ တန့်နေတယ် မတိုးတက်လာသေးဘူးလို့ ပြောရမယ်"

ဦးတင့်ဆွေ - အမြဲတမ်းအတွင်းဝန်ဟောင်း၊ ပြန်ကြားရေး ဝန်ကြီးဌာန

---

"အစိုးရ မီဒီယာပိုင်းမှာဆိုရင် အစောပိုင်း ဖြစ်ခါစက သူတို့တင်ပြတဲ့ ရင်းမြစ်တွေက ဌာနဆိုင်ရာ ရီပို့ သာသာ လောက်ပဲ ရှိတယ်။ မြေပြင်မှာ ကွင်းဆင်း လေ့လာတာမျိုး မဟုတ်ဘဲ ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်ချက်တွေ၊ အတိုင်ပင်ခံပုဂ္ဂိုလ် သတင်းကော်မတီထုတ်ပြန်ချက်တွေကိုပဲ ဖော်ပြတာမျိုး ဖြစ်နေတယ်။ အစိုးရ သတင်းဌာန ကိုယ်တိုင်က ကွင်းထဲ မဆင်းတာလား ကွင်းထဲ သတင်းယူခွင့်မရတာလားပေ့ါ။"

ဦးမျိုးမင်းဇော် - ဒါရိုက်တာ(Myanmar Institute for Democracy)

---

"နိုင်ငံတကာက Independent source ကလာတဲ့ သတင်းကိုပဲ ယုံချင်တာ။ ကျနော်တို့ source က လွတ်လင်းမှုကင်းတဲ့ ရင်းမြစ်တွေက နည်းနေတယ်"

ဦးသီဟစော - မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ

---

"Independent media ဖြစ်အောင် အစိုးရက အားပေးရမှာ၊ အစိုးရကိုယ်တိုင်က player လို၊ information provider လို ဝင်ကစားနေတယ်။ ဆိုပါစို့ အစိုးရသတင်းစာတွေက အရည်အသွေးအားဖြင့် အခြေအနေ ကောင်းတယ် ဒါပေမယ့် ပုဂ္ဂလိက သတင်းစာတွေကို ကြော်ငြာတွေအရ ထိုးနှက်သလိုဖြစ်နေတယ်"

ဦးသီဟစော - မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ

---

"သတင်းအတုတွေကြောင့် ဒုက္ခရောက်နေတယ်ဆိုတော့လေ။ သတင်းက ဘယ်လောက်ထိ ယုံကြည်စိတ်ချရလဲပေါ့။ ပုဂ္ဂလိက မီဒီယာတွေက ပေးတဲ့ သတင်းက ဘယ်လောက်ထိယုံကြည်စိတ်ချရလဲ..။ အဲ့ပြဿနာက ရှိနေတယ်။ သတင်းမီဒီယာတွေရဲ့ ယုံကြည်စိတ်ချရမှု တိုးလာအောင် ကြိုးစားရမယ့် အနေအထား။"

ဦးမျိုးမင်းဇော် - ဒါရိုက်တာ (Myanmar Institute for Democracy)

---

"ဘက်မရှိတဲ့ မီဒီယာ သိပ်တော့ မတွေ့ရဘူးဗျ။ အစိုးဘက်ခြမ်း. အစိုးရဘက်ခြမ်းကကျတော့ မရင့်ကျက်တဲ့ ယဉ်ကျေးမှု ရှိနေတယ်လို့ထင်တယ်။ လူထုမှာလည်း အီမိုးရှင်းအခြေခံတဲ့ သတင်းမျိုး ကြိုက်တယ်ပေါ့ ဒါမျိုးတွေ တွေ့ရပါတယ်"

မျိုးရန်နောင်သိမ်း - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

---

"ပုံနှိပ်မီဒီယာရော အသံလွှင့်မီဒီယာရောဟာ အစိုးရရဲ့ သေချာစွာ အားပေးခြင်းကို မခံရဘူး။"

ဦးတင့်ဆွေ - အမြဲတမ်းအတွင်းဝန်ဟောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန

---